# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# (၂၀-၂-၂၀၂၀ ) ( ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ် ဖွဲ့စည်းခြင်း နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **တွံတေးမြို့နယ်အတွင်းရှိ “အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန” အား အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းကျောင်းတစ်ခုအဖြစ်သို့ ပြောင်းလဲဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၏ **မတူပီ-ပလက်ဝ ကားလမ်းမှ ကျန်ရှိသော (၃၁) မိုင် လမ်းပိုင်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၏ **ဒေးဒရဲမြို့နှင့် တော်ကမယ်၊ ကျုံကြပ်၊ သာယာကုန်း၊ သံဒိဇီးဖြူကုန်း ဆက်သွယ်သော လမ်းအရှည် ၁၄ မိုင် ၆ ဖာလုံအား ပိုမိုမြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တည်ဆောက်ရေး လုပ်ငန်းများတွင် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက် နိုင်ခြင်းမရှိ၍ ပိုလျှံငွေအဖြစ် ပြန်လည်အပ်နှံခဲ့ရသော ဘဏ္ဍာငွေများအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြန်လည်ခွင့်ပြုပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၁၀) အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိန်မြင့်၊ မြင်းခြံ မဲဆန္ဒနယ်၏ **မြင်းခြံမြို့ မြို့နယ်ပညာရေးမှူးရုံးအား ရုံးအသစ် (၁) ရုံး ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ခဲ့သည့် (၉၀x၃၀) ပေ RC (၁) ထပ်ကျောင်းဆောင်သစ်၏ အခန်း (၃) ခန်းမှာ ယခု အက်ကွဲလာသဖြင့် မည်သို့ထပ်မံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် ထိုသို့ စံချိန်မမီဆောက်လုပ်ခဲ့သော ကုမ္ပဏီအား မည်ကဲ့သို့ အရေးယူမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်က **"မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်သဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community–AEC) အကောင်အထည်ဖော်ရာတွင် အဓိက လုပ်ငန်းစဉ်ဖြစ်သည့် (ASEAN Free Trade Agreement–AFTA) အား ထူထောင်ရမည်ဖြစ်သည်။ သို့မှသာ ကုန်စည်များ လွတ်လပ်စွာစီးဆင်းခြင်း (Free Flow of Goods) ကို ဆောင်ရွက် ရပါမည်။ ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှထုတ်လုပ်သော ကုန်ပစ္စည်း များသည် မြန်မာ့စံချိန်စံညွှန်း (Myanmar Standard & Specification) ပါရှိရမည် ဖြစ်ပြီး အာဆီယံနိုင်ငံအသီးသီးတွင် ထုတ်ကုန်ပစ္စည်းပေါင်း (၃၀၀၀)မှ (၁၀၀၀၀)ခန့် ရေးသားပြုစုပြီးဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အရေးကြီးသည့် ထုတ်ကုန်ပစ္စည်း ပေါင်း (၁၀၀၀)ခန့်ကို ASEAN Free Trade Agreement ကာလတွင် ရေးသား ပြီးစီးနိုင်ရန် ပါဝင်ပတ်သက်သော ဝန်ကြီးဌာနများမှ ညှိနှိုင်းဆောင်ရွက်ကြရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **“အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **“တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။